# Seventh Sunday of Easter - C

## 1st READING: *Acts 7:55-60*

တမန်တော်ဝတ္ထု ၇း ၅၅–၆၀

သို့သော်သူသည်သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်စုံလျက်ကောင်းကင်သို့မျှော်ကြည့်စဉ်ဘုရားသခင်၏ဘုန်းဂုဏ်တော်ကို
လည်းကောင်း၊ဘုရားသခင်၏လက်ယာတော်ဘက်၌ရပ်နေသောသခင်ယေရှုးကိုလည်းကောင်းမြင်တွေ့ရ၏။ သူကလည်း
ကြည့်လော့၊ငါသည်ကောင်းကင်ပွင့်လစ်နေသည်ကိုလည်းကောင်း၊ဘုရားသခင်၏လက်ယာတော်ဖက်၌ရပ်နေတော်မူသောလူ့
သားကိုလည်းကောင်းငါမြင်ရ၏ဟုပြောလေ၏။ထိုအခါသူတသည်ကျယ်လောင်စွာအော်ဟစ်ကြလျက်မိမိတို့၏နားများကို
ပိတ်ဆို့ထားကြလျက်သူ့ထံသို့တပြိုင်တည်းပြေးသွားကြ၏။ ထို့နောက်သူတို့သည်စတီးဖင်းကိုမြို့ပြင်သို့ဆွဲခေါ်သွားကြ၍
ကျောက်ခဲနှင့်ပေါက်သတ်ကြ၏။သက်သေခံတိသည်လည်းမိမိတို့အဝတ်များကိုစောလုအမည်ရှိသောလူရွယ်တစ်ဦး၏ခြေရင်း
တွင်ချထားကြ၏။ထိုသို့သူ့ကိုကျောက်ခဲနှင့်ပစ်ပေါက်နေကြစဉ်စတီးဖင်းကအိုသခင်ယေရှုး၊ကျွန်ုပ်၏ဝိညာဉ်ကိုသိမ်းပိုက်တော်
မူပါဟုဆုတောင်းလေ၏။ထို့နောက်သူသည်ဒူးထောက်လျက်အိုသခင်ဘုရားသူတို့ပြုကြသောအပြစ်ကိုရည်မှတ်တော်မမူပါနှင့်
ဟုကျယ်သောအသံဖြင့်ကြွေးကြော်ပြီးမှလဲကျသွားပြီးဘုရားသခင်၌အိပ်ပျော်လေ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## Responsorial Psalm  Psalms 97:1-2, 6-7, 9

**ဆာလံကျမ်း ၉၇**

**သံပြိုင်။** ။ ထာဝရဘုရားသည်စိုးစံတော်မူ၏။ထာဝရဘုရားရှင်ကိုယ်တော်သည်ကမ္ဘာမြေတစ်ဝှမ်းလုံးတွင်အမြင့်မြတ်ဆုံးဖြစ်တော်မူ၏။

**၁။** ။ ထာဝရဘုရားသည်စိုးစံတော်မူ၏။ကမ္ဘာမြေကြီးသည်ရွှင်လန်းဝမ်းမြောက်၍ကျွန်းနိုင်ငံတို့သည်လည်းပျော်ရွှင်မြူးထူးကြပါစေ။ မိုးတိမ်နှင့်မှောင်မိုက်သည်ကိုယ်တော်ကိုဝန်းရံလျက်ဖြောင့်မတ်မှန်ကန်မှုနှင့်တရားမျှတမှုတို့သည်ပလ္လင်တော်၏အခြေခံအုတ်မြစ် ဖြစ်ကြပါ၏။ **(သံပြိုင်)**

**၂။** ။ ကောင်းကင်ယံအပေါင်းတို့သည်ကိုယ်တော်၏ဖြောင့်မတ်မှန်ကန်ခြင်းကိုကြွေးကြော်ကြ၍လူအပေါင်းတို့သည်ကိုယ်တော်၏ဘုန်းဂုဏ်တော်ကိုဖူးမြင်ရကြ၏။ အသင်ဘုရားအပေါင်းတို့ထာဝရဘုရားအားရှိခိုးကိုးကွယ်ကြလော့။ **(သံပြိုင်)**

**၃။** ။ အကြောင်းမူကားထာဝရဘုရားရှင်ကိုယ်တော်သည်ကမ္ဘာမြေတစ်ဝှမ်းလုံးတွင်အမြင့်မြတ်ဆုံးဖြစ်တော်မူ၏။တစ်ပါးသောဘုရားအပေါင်းတို့ထက်သာလွန်စွာချီးမြှောက်ခြင်းခံရပေ၏။ **(သံပြိုင်)**

## 2nd READING: *Rev 22:12-14, 16-17, 20*

ဗျာဒိတ်တော်ကျမ်း ၂၂း၁၂–၁၄၊၁၆–၁၇၊၂၀

ငါသည်လူတစ်ဦးစီတိုင်းအားမိမိတို့ပြုလုပ်ကျင့်ကြံခဲ့သမျှအတိုင်းပြန်ပေးရန်ဆုလဒ်ကုယူဆောင်လာမည်။ငါသည်အာလဖာနှင့်
အိုမေဂါဖြစ်၏။ ငါသည်ပထမနှင့်နောက်ဆုံး၊အစနှင့်အဆုံးလည်းဖြစ်၏။မိမိတို့၏ဝတ်ရုံများကိုဆေးကြောသန့်စင်သောသူတို့
သည်မင်္ဂလာရှိကြ၏။ သူတို့သည်အသက်ပင်၏အသီးကိုရပိုင်ခွင့်နှင့်မြို့တော်အတွင်းသို့မြို့တံခါးမှဝင်နိုင်ခွင့်ကိုရကြလိမ့်မည်။
ငါယေရှုးသည်အသင်းတော်များအတွက်ဤသွန်သင်ချက်များကိုပေးရန်သင်တို့ထံသို့ငါ၏တမန်တော်ကိုစေလွှတ်လိုက်၏။
ငါသည်ဒေးဗစ်၏မျိုးနွယ်ဝင်ဖြစ်၍ထွန်းလင်းတောက်ပသောမိုးသောက်ကြယ်တော်ဖြစ်၏ဟုမိန့်တော်မူ၏။ ဝိညာဉ်တော်နှင့်
မင်္ဂလာဆောင်သတို့သမီးတို့ကကြွလာတော်မူပါဟုဆိုကြ၏။ကြားသောသူသည်လည်းကြွလာပါဟုဆိုပါစေ။ရေငတ်သောသူ
ကလည်းလာပါစေ၊ရေငတ်သောသူသည်အသက်ရေကိုအဖိုးအခမပေးပဲယူပါစေ။ဤအကြောင်းအရာများကိုသက်သေခံသောသူ
ကငါသည်ဧကန်မုချမကြာမီကြွလာမည်ဟုဆို၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

**GOSPEL:** ***John 17:20-26***
ရှင်ယောဟန်ဧဝံဂေလိကျမ်း ၁၇း၂၀–၂၆

ကျွန်ုပ်သည်သူတို့အတွက်သာမကသူတို့၏ဟောပြောခြင်းအားဖြင့်ကျွန်ုပ်ကိုယုံကြည်လာမည့်သူများအတွက်လည်းကျွန်ုပ်ဆုတောင်းပါ၏။ အဖကိုယ်တော်သည်ကျွန်ုပ်၌၊ကျွန်ုပ်သည်လည်းကိုယ်တော်၌တည်ရှိသကဲ့သို့သူတို့သည်လည်းတစ်လုံးတစ်ဝတည်းဖြစ်စေတော်မူပါ။ သူတို့သည်ကျွန်ုပ်တို့၌တစ်လုံးတစ်ဝတည်းဖြစ်စေခြင်းအားဖြင့်ကိုယ်တော်သည်ကျွန်ုပ်ကိုစေလွှတ်တော်မူကြောင်းလောကသားတို့သည်ယုံကြည်ကြလိမ့်မည်။ ကိုယ်တော်နှင့်ကျွန်ုပ်သည်တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့သူတို့သည်လည်းတစလုံးတစ်ဝတည်းဖြစ်ကြစေရန်ကိုယ်တော်ပေးတော်မူသောဘုန်းဂုဏ်တော်ကိုကျွန်ုပ်သည်သူတို့အားပေးပါပြီ။ ကျွန်ုပ်သည်သူတို့၌လည်းကောင်း၊ကိုယ်တော်သည်ကျွန်ုပ်၌လည်းကောင်းတည်ရှိသဖြင့်သူတို့၏တစ်လုံးတစ်ဝတည်းရှိခြင်းသည်ပြည့်စုံပါလိမ့်မည်။ ဤသို့ဖြင့်ကိုယ်တော်သည်ကျွန်ုပ်ကိုစေလွှတ်တောမူကြောင်းနှင့်ကျွန်ုပ်အားကိုယ်တော်ချစ်တော်မူသကဲသို့သူတို့ကိုလည်းကိုယ်တော်ချစ်တော်မူကြောင်းတို့ကိုလောကသားတို့သိရှိကြပါလိမ့်မည်။ အိုအဖ၊ကမ္ဘာမတည်ရှိမီကပင်ကိုယ်တော်သည်ကျွန်ုပ်ကိုချစ်တော်မူ၍ပေးတော်မူသောဘုန်းဂုဏ်တော်ကိုကိုယ်တော်သည်ကျွန်ုပ်အားအပ်နှင်းတော်မူသောသူတမြင်ကြစေရန်ကျွန်ုပ်ရှိရာအရပ်တွင်သူတို့ကိုရှိစေလိုပါသည်။ဖြောင့်မတ်တော်မူသောအိုအဖ၊ဤလောကသားတို့သည်ကိုယ်တော်ကိုမသိကြသော်လည်းကျွန်ုပ်သည်ကိုယ်တော်ကိုသိပါ၏။ကိုယ်တော်သည်ကျွန်ုပ်ကိုစေလွှတ်တော်မူကြောင်းကိုဤသူတို့သိကြပါ၏။ကျွန်ုပ်အပေါ်၌ကိုယ်တော်ထားတော်မူသောချစ်ခြင်းမေတ္တာတော်သည်သူတို့၌တည်ရှိစေ၍ကျွန်ုပ်သည်လည်းသူတို့၌တည်ရှိစေခြင်းငှါကိုယ်တော်၏နာမတော်ကိုသူတို့သစေပါပြီ၊နောင်တွင်လည်းသိစေပါဦးမည်ဟုဆုတောင်းတော်မူ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**